# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

**Date – 10/3/2022**

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### <u>ကရင်နီ(ကယား)ပြည်နယ်</u>

မတ်(၉)ရက်နေ့မနက်(၆)နာရီခန့်က လွိုင်ကော်မြို့နယ်၊ လင်ဖုံလေး လမ်းခွဲနားတွင် စကစတပ်ကို KNDF B-02၊ B-03၊ KA၊ လွိုင်ကော် PDF၊ ဖယ်ခုံ PDFတို့ (၈)နာရီကြာ စုပေါင်းပြီး ခုခံတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၃)ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

### <u>စစ်ကိုင်းတိုင်း</u>

- မတ်(၁၀)ရက်နေ့ညနေ(၅:၂၀)နာရီခန့်က ကလေးမြို့နယ်၊ ကလေးမြို့ GTC ကျောင်းသို့ လာခဲ့သော စကစတပ်သားများကို ချင်းဆိုင်ကျေးရာနှင့်ဇင်းဂလင်းကျေးရွာကြားတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ကလေး)က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သားများ ထိခိုက်သေဆုံးမှုရှိခဲ့သည်။
- မတ်(၁၀)ရက်နေ့မနက်ပိုင်းက ပုလဲမြို့နယ်၊မင်းတိုင်ပင်ကျေးရွာအနီး နှောရိုးကျေးရွာမြောက်ဘက်တွင် စကစတပ်သားများနှင့်ဒေသခံကာကွယ်ရေးအဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- မတ်(၉)ရက်နေ့ညနေ(၅:၁၀)နာရီခန့်က စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းမြို့-မုံရွာ ကားလမ်းမကြီးပေါ်ရှိ အလ္လကပ္ပကျေးရွာနှင့်ဝမ်းပြည့်ကျေးရွာကြားတွင် (၁၂)ဘီးကားဖြင့် မုံရွာဘက်သို့ ဦးတည်သွားသော စကစတပ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့်ဇာမဏီပြောက်ကျားတပ်ဖွဲ့(မြင်းမူ)တို့က ရှေ့ထွက်မိုင်းဖြင့် တိုက်ခိုက်ခဲ့သည်။
- မတ်(၉)ရက်နေ့ည(၁၀)နာရီခန့်က ရွှေဘိုမြို့နယ်၊ရွှေဘိုမြို့၊မြို့ရောင်လမ်းတွင် ကင်းလှည့်လာသော စကစကား(၁)စီးကို ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက ရှေ့ထွက်မိုင်း(၃)လုံးဖြင့် တိုက်ခိုက်ခဲ့သည်။

### <u>မကွေးတိုင်း</u>

မတ်(၈)ရက်နေ့နှင့်(၉)ရက်နေ့တို့တွင် ဆောမြို့နယ်တွင် စကစတပ်သားအင်အား(၁၅၀)ပါ စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ဆော)နှင့် မဟာမိတ်တပ်ဖွဲ့များမှ ဝိုင်းဝန်းတိုက်ခိုက်ရာ စကစတပ်သား(၁၅)ဦး ထက်မနည်းသေဆုံးပြီး (၁၀)ဦးထက်မနည်း ဒဏ်ရာရခဲ့သည်။

### <u>ပဲခူးတိုင်း</u>

မတ်(၉)ရက်နေ့ည(၇:၃၀)နာရီခန့်က ဝေါမြို့နယ် ရဲစခန်းရှေ့ထမင်းကြော်ဆိုင်တွင် ဒုရဲအုပ်တစ်ဦးကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ဝေါ)က ပစ္စတိုဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

*<u>မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။</u>*

## တနင်္သာရီတိုင်း

မတ်(၉)ရက်နေ့မနက်(၆)နာရီခန့်က တနင်္သာရီမြို့နယ်၊ ရှမ်းအင်းတော်ရွာနှင့်ကမ်းမလိုင်းရွာ ကြားတွင် ဆိုင်ကယ်စီးလာသော စကစတပ်သား (၄)ဦးကို တနင်္သာရီရိုးမပြည်သူ့ကာကွယ်ရေးအဖွဲ့၊ တောင်ပံနီပြည်သူ့ ကာကွယ်ရေးဖွဲ့နှင့်ဘက်မလိုက်ပြောက်ကျားအဖွဲ့တို့ ပူးပေါင်းတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၁)ဦး သေဆုံး ခဲ့ကြောင်း သိရသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကရင်နီ(ကယား)ပြည်နယ်

မတ်(၁၀)ရက်နေ့မနက်(၆:၂၂)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါးကျေးရွာရှိ ဘာသာရေးအဆောက်အဦး ဖြစ်သော အိုမင်းမစွမ်းသီလရှင်ကျောင်းကို စကစဘက်မှ တိုက်လေယာဥ်(၁)စီးနှင့်ကင်းထောက်လေယာဥ် (၁)စီးဖြင့် (၈)ကြိမ်ခန့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အဆောက်အဦး (၄)လုံး ထက်မနည်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

## ကရင်ပြည်နယ်

မတ်(၈)ရက်နေ့က သံတောင်မြို့နယ်၊ကဆောပလိုအောက်ရွာ(ခ)ထာသောဖိုလီကျေးရွာတွင်ရှိသော ပြည်သူ များပိုင်နေအိမ်၊ဈေးဆိုင်အချို့နှင့်ခရစ်ယာန်ဘုရားကျောင်းတွင်ရှိသော ပစ္စည်းများကို စကစတပ်သားများမှ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

## စစ်ကိုင်းတိုင်း

- မတ်(၁၀)ရက်နေ့က ကျွန်းလှမြို့နယ်၊ မော်တုံကျေးရွာနေ ဦးသောင်းငွေအား စကစတပ်သားများမှ လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် ပစ်သတ်ခဲ့ကာ ရွာအနီးတွင် မြေမြှုပ်ထားခဲ့သဖြင့် ကျေးရွာမှ ပြန်လည်တူးဖော်သင်္ဂြိုလ်ခဲ့ရသည်။
- မတ်(၁၀)ရက်နေ့နေ့လယ်(၃:၁၅)နာရီခန့်က ရွှေဘိုမြို့နယ်၊ ရွှေဘိုမြို့၊ ဂေါက်ကွင်းလမ်းမှ "သန့် တည်းခိုခန်း"အား စကစတပ်သားနှင့်ရဲအင်အား အများအပြားဖြင့် ပိတ်ဆို့ပြီး သေနတ်ပစ်ဝင်ရောက် စီးနင်းခဲ့သည်။

## မန္တလေးတိုင်း

မတ်(၉)ရက်နေ့ညနေပိုင်းက တောင်သာမြို့နယ်၊ရသစ်ကျေးရွာရှိ အမျိုးသား(၂)ဦးကို ဆိုင်ကယ်စီးသဖြင့် စကစများက ဖမ်းဆီးသွားခဲ့သည်။

## ပဲခူးတိုင်း

မတ်(၁၀)ရက်နေ့မနက်(၉:၃၀)နာရီခန့်က သာယာဝတီမြို့နယ်၊ ဈေးလမ်း၊ "ထွန်းသွားဆေးခန်း"မှ ဒေါက်တာ ကျော့ကေသီထွန်းကို စကစများက ဖမ်းဆီးသွားကြောင်း သိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*